# မောင်စူးစမ်းနဲ့အပေါင်းပါများနဲ့ပတ်သက်၍
# ဗကပ ရဲ့ သဘောထား
# (၂၉ - ၁ - ၂၀၁၀)

(၁) ဗကပ ရဲ့ သက်တမ်း နှစ် (၇၀) အတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် 'ဗကပ' နဲ့ ကင်းကွာသွားခဲ့သူတွေ များလှပါပြီ။ ကိုယ်ယုံကြည်ရာကို လုပ်ကြတာ ကန့်ကွက်စရာမရှိပါ။ ထွန်းထွန်းပေါက်ပေါက်ဖြစ်တာကြားရင် မုဒိတာပွားရပါတယ်။ တခါတရံ သူတို့ရဲ့ ရပ်တည်ရေးအတွက် ဗကပ ကို ထိပါးတာရှိခဲ့ရင်လည်း နားလည်မှုနဲ့ ဥပေက္ခာပြုခဲ့ပါတယ်။

(၂) ပါတီရဲ့သက်တမ်းမှာ ဥပဒေတွင်းနေရတာ (၃) နှစ်ပဲ ရှိတယ်။ ကျန်တဲ့ကာလကြီးမှာလည်း စစ်ရေးစစ်ရာမှာပဲ အချိန်ပေးခဲ့ရပါတယ်။ ၇ ရက် တပတ်လုံး (၂၄) နာရီမပြတ် စစ်ရေးစစ်ရာကိုပဲ အချိန်ပေးခဲ့ရတယ်။ ဖတ်စရာမှတ်စရာ စာအုပ်စာတမ်းကလည်း ရှားတယ်။ ဖတ်ရရင်လည်း အများစုက နိုင်ငံတကာ့ကွန်မြူနစ်လှုပ်ရှားမှုတွင်းက အယူအဆရေးရာတွေပဲ ဖြစ်တယ်။ စစ်အေးတိုက်ပွဲကာလကြီး ဖြစ်လို့လည်း စာအုပ်စာတမ်းက အကန့်အသတ်ရှိပြန်တယ်။

၁၉၈၉ - ၉၀ ရောက်တော့ ကမ္ဘာ့စနစ်လည်းပြောင်းပြီ။ ဗကပ ရဲ့ ဘဝကလည်း ယူ/ဂျီ ဖြစ်သွားပြီ။ အိုင်တီခေတ်လည်း ဖြစ်နေပြီ။ စစ်အေးလွန်ကာလ ပျားရည်ဆမ်းချိန်လည်း ရောက်နေပြီ။ ဒါကြောင့် ဖတ်စရာမှတ်စရာတွေ များတယ်။ ဖတ်မကုန်အောင် များတယ်။

အဲဒီလိုစောစောပိုင်းတုန်းကတော့ မောင်စူးစမ်းနဲ့အပေါင်းပါများက စာအုပ်တွေ ဘာသာပြန်ကြတယ်။ မိတ်ဆက်ပေးကြတယ်။ မူရင်းအပေါ်လည်း သစ္စာရှိ၊ ဖတ်သူတွေလည်း နားလည်အောင် ရေးကြလို့ မုဒိတာပွားပါတယ်။ ရဲဘော်တွေကိုလည်း ဖတ်ကြဖို့၊ မူရင်းကိုမပျက်စေဘဲ ဖတ်သူ နားလည်အောင်ရေးနည်းကို အတုယူဖို့ တိုက်တွန်းခဲ့တယ်။

(၃) ဒါပေမဲ့ အခုတလောမှာတော့ မောင်စူးစမ်းတို့လူစု ပစ္စုပ္ပန်လက်တွေ့နိုင်ငံရေးထဲ ဝင်ပါလာတယ်။ တက်တက်ကြွကြွကြီးကိုပဲ ဝင်ပါလာရုံမက အရေးအသားကလည်း ကြမ်းတယ်။ ဇော်ကားမော်ကား ရေးတယ်။ မောင်စူးစမ်းက အကဲဆုံးဖြစ်တယ်။ NLD ရော၊ ဗကပ ကိုပါ ရန်လုပ်တယ်။

အတိအလင်း ပြောပါမယ်။

- အတွေးအခေါ်တွေ၊ အမြင်တွေကို ကိုယ်ယုံကြည်သလို ရေးပါ။ ဗကပ က တုံ့ပြန်ချင်တုံ့ပြန်မယ်။ ဥပေက္ခာပြုချင် ပြုမယ်။
- ပစ္စုပ္ပန်လက်တွေ့နိုင်ငံရေးထဲမှာ ဝင်ပါပြီး 'သခင်အားရကျွန်ပါးဝ' လုပ်တာကိုတော့ နည်းနည်းမှ သည်းညည်းခံမှာ မဟုတ်ဘူး။ မုချပဲ တုံ့ပြန်မှာပါ။
- ငါတို့က လိုင်စင်ရတွေပဲ။ အောင်းနေတဲ့သူကလည်း လုံခြုံတယ်လို့ထင်ပြီး ရမ်းရမ်းကားကားမရေးစေချင်ဘူး။ သေခါနီးမို့ မထူးဇာတ်ခင်းနေတာဆိုရင်လည်း ရှေ့မှာ လူလုပ်ရဦးမယ့် သူတွေက သတိထားသင့်တယ်။ မဆလ ရဲ့ ခွေးကတက်ပေါ်က ပြန်ဆင်းရခက်တဲ့ သူတွေကို သင်ခန်းစာယူသင့်တယ်။

၂၉ - ၁ - ၂၀၁၀
www.cpburma.org